# Indiana Pregnancy Promise Program

**မူးယစ်စေသောဆေးဝါး (opioid) အလွန်အကျွံသုံးစွဲခြင်းမှ အလျင်အမြန် ပျောက်ကင်းသက်သာစေခြင်း- မိခင်နှင့် ရင်သွေးငယ်အတွက် ကူညီ ထောက်ပံ့ခြင်းနှင့် ထိတွေ့ဆက်ဆံမှုရှိစေခြင်း**

## Indiana Pregnancy Promise Program (အင်ဒီယားနားပြည်နယ်ရှိ ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) ဆိုသည်မှာ အဘယ်နည်း။

Indiana Pregnancy Promise Program (အင်ဒီယားနားပြည်နယ်ရှိ ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) ဆိုသည်မှာ မူးယစ်စေသောဆေးဝါး (opioid) ကို လက်ရှိတွင် အလွန်အကျွံသုံးစွဲနေသည့် သို့မဟုတ် အတိတ်တွင် အလွန်အကျွံသုံးစွဲခဲ့ဖူးသည့် မယ်ဒီကိတ် ကျန်းမာရေးအာမခံရှိသော ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အခကြေးငွေ ပေးရန်မလိုဘဲ ကူညီပေးသည့် စေတနာ့ အစီအစဉ်ဖြစ်ပါသည်။ Pregnancy Promise Program (ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) ၏ ရည်ရွယ်ချက်သည် ကိုယ်ဝန်ဆောင်မိခင်များအတွက်-

- မီးမဖွားမီကာလအတွင်း စောင့်ရှောက်မှုခံယူရန်
- ရေရှည်တည်မြဲသော မူးယစ်ဆေးဝါးကင်းရှင်းမှု ရရှိစေရန်အတွက် လိုအပ်သော မူးယစ်စေသောဆေးဝါး (opioid) ဖြတ်သည့် ဝန်ဆောင်မှု ခံယူရန်
- ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီးနောက်ပိုင်း မိခင်နှင့် ရင်သွေးငယ်အတွက် အစဉ်မပြတ်သော အထောက်အပံ့များနှင့် နောက်ဆက်တွဲ ကျန်းမာရေး စောင့်ရှောက်မှု ရရှိစေရန်
- ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မျှော်လင့်ချက်များကို ပေးစွမ်းပြီး ခိုင်မာသော အခြေခံအုတ်မြစ်များ ချပေးနိုင်ရန်

## အဘယ်ကြောင့် Indiana Pregnancy Promise Program (အင်ဒီယားနားပြည်နယ်ရှိ ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) သည် အရေးပါသနည်း။

- အင်ဒီယားနားပြည်နယ်နှင့် နိုင်ငံအနှံ့တွင် ကိုယ်ဝန်ဆောင်နေစဉ် မူးယစ်စေသောဆေးဝါး (opioid) အလွန်အကျွံသုံးစွဲသည့် ပြဿနာသည် မြင့်သထက် မြင့်လာနေပြီဖြစ်ပါသည်
- ကိုယ်ဝန်ဆောင်နေစဉ် မူးယစ်စေသောဆေးဝါး (opioid) အလွန်အကျွံသုံးစွဲသည့် ပြဿနာအတွက် ဆေးဖြတ်ကုသခြင်းသည် အောင်မြင်နိုင်ရန် အလားအလာများပါသည်။
- ကိုယ်ဝန်ဆောင်နေစဉ် မူးယစ်စေသောဆေးဝါး (opioid) အလွန်အကျွံသုံးစွဲမှုအား ဆေးဖြတ်ကုသခြင်းသည် မိခင်များနှင့် ရင်သွေးငယ်များအား ဘေးအန္တရာယ်ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါသည်။

## ထိုအစီအစဉ်တွင် မည်သူတို့ ပါဝင်နိုင်သနည်း။

Pregnancy Promise Program (ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) သည် အင်ဒီယားနားပြည်နယ်ရှိ ကိုယ်ဝန်ဆောင်နေသူ ပုဂ္ဂိုလ်များအတွက် အကျုံးဝင်ပါသည်။ အစီအစဉ်တွင် ခံစားနိုင်ခွင့်ရရှိရန်အတွက် ပါဝင်သူများသည် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရပါမည်-

- ကိုယ်ဝန်ဆောင် သို့မဟုတ် မီးမဖွားမီ ရက် 90 အတွင်း ရှိနေရပါမည်
- လက်ရှိအချိန် သို့မဟုတ် ယခင်က မူးယစ်စေသောဆေးဝါး (opioid) သုံးစွဲသူဖြစ်ကြောင်း အသိအမှတ်ပြုရမည်
- မယ်ဒီကိတ်ကျန်းမာရေးအာမခံကို ခံစားခွင့်ရှိသူ ဖြစ်ရမည် သို့မဟုတ် လက်ခံရရှိနိုင်ရပါမည်

Indiana Family & Social Services Administration

**www.PregnancyPromise.in.gov**
**Toll-Free 888-467-2717 | 317-234-5336**
**PregnancyPromise@fssa.in.gov**

# Indiana Pregnancy Promise Program



## Pregnancy Promise Program (ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) တွင် ပါဝင်ခြင်းအတွက် ရနိုင်မည့် အကျိုးခံစားခွင့်များမှာ အဘယ်နည်း။

**ချိတ်ဆက်မှု-** Pregnancy Promise Program (ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) တွင် ပါဝင်သူများအား လူမှုဝန်ထမ်းမန်နေဂျာတစ်ဦးနှင့် ချိတ်ဆက်ပေးမည်ဖြစ်ပါသည်။ လူမှုဝန်ထမ်းမန်နေဂျာများသည် ပါဝင်သူ မိဘများနှင့် ရင်သွေးငယ်များအား ကျန်းမာစေရန်နှင့် သက်သောင့်သက်သာဖြစ်စေရန် ကိုယ်ဝန်ဆောင်နေစဉ်နှင့် မီးဖွားပြီးချိန်တွင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အထောက်အကူပစ္စည်းများ အသေအချာလက်ခံရရှိစေရန်အတွက် အမည်စာရင်းပေးသွင်းချိန်တွင် လျှို့ဝှက်စွာထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။

**ပူးပေါင်းဆောင်ရွက်မှု-** Pregnancy Promise Program (ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) မှ လူမှုဝန်ထမ်းမန်နေဂျာများသည် ပါဝင်သူများနှင့် ဆရာဝန်များ၊ ကျန်းမာရေးစောင့်ရှောက်သူများ အသင်းအဖွဲ့နှင့်အတူ မိသားစုများအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ရပ်ကွက်အလိုက်အထောက်အကူပစ္စည်းများ ရရှိစေရန် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ကာကွယ်မှု-** ကိုယ်ဝန်ဆောင် ပုဂ္ဂိုလ်များအား တတ်အားသ၍ စောစီးစွာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုများ ပေးခြင်းဖြင့် Pregnancy Promise Program (ကိုယ်ဝန်ဆောင် အာမခံ အစီအစဉ်) သည် မိဘများနှင့် ရင်သွေးငယ်အား မူးယစ်စေသောဆေးဝါး (opioid) အလွန်အကျွံသုံးစွဲခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ လျှော့ချနိုင်ရန်နှင့် ကာကွယ်နိုင်ရန် ရည်ရွယ်ပါသည်။

သင်ကိုယ်တိုင် သို့မဟုတ် ရင်းနှီးသူများအတွက် အမည်စာရင်းပေးလိုပါက www.PregnancyPromise.in.gov တွင်ကြည့်ရှုပါ သို့မဟုတ် PregnancyPromise@fssa.in.gov သို့ အီးမေးလ်ပေးပို့ပါ၊ **317-234-5336** သို့ ခေါ်ဆိုပါ သို့မဟုတ် **ဖုန်းပြောခ အခမဲ့ဖြင့် 888-467-2717** သို့ ခေါ်ဆိုပါ။

*This publication is supported by the Centers for Medicare and Medicaid Services (CMS) of the U.S. Department of Health and Human Services (HHS) as part of a financial assistance award totaling $5,211,309 with 100 percent funded by CMS/HHS. The contents are those of the author(s) and do not necessarily represent the official views of, nor an endorsement, by CMS/HHS, or the U.S. Government.*

**State of Indiana**
**Family and Social Services Administration**
402 W. WASHINGTON STREET, ROOM W461
INDIANAPOLIS, INDIANA 46204-2739
www.fssa.IN.gov
The Indiana Family and Social Services Administration does not discriminate on the basis of race, color, creed, sex, age, disability, national origin or ancestry.
#5933 | November 2, 2021 9:34 AM